# COVID-19 ကာကွယ်ရန် ကာကွယ်ဆေးများ

သိရှိထားသည့်အတိုင်းပင် COVID-19 ဟုလည်းခေါ်ဆိုသည့် ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့နိုင်ငံတိုင်းတွင် ပြန့်ပွားလျက်ရှိသည့် အန္တရာယ်ကြီးမားသည့် ရောဂါတစ်ခုဖြစ်သည်။ ဤ Rhode Island တွင် လူဦးရေ 85000 ကျော်သည် COVID-19 ရောဂါကို ခံစားနေရပြီး COVID-19 ကြောင့် သေဆုံးသူ 1800 နီးပါး ရှိပြီဖြစ်သည်။

COVID-19 ရောဂါမှကာကွယ်ရန် ကာကွယ်ဆေးများထုတ်လုပ်ထားပြီဖြစ်ပြီး ကာကွယ်ဆေးများကို စတင်ဖြန့်ဖြူးနေပြီဖြစ်သည်။

ကာကွယ်ဆေးဆိုသည်မှာ ရောဂါတစ်မျိုးအတွက် လူတစ်ဦး၏ခန္ဓာကိုယ်မှ ခုခံအား ထုတ်ပေးနိုင်ရန် ကူညီပေးသည့်ထုတ်ကုန်တစ်ခု ဖြစ်သည်၊ လူတစ်ဦးသည် ကာကွယ်ဆေးထိုးခြင်းကို ခံယူပြီးသည်နှင့် သူ သို့မဟုတ် သူမသည် ကူးစက်မှုမခံရဘဲ ရောဂါပိုးနှင့် ထိတွေ့၍ရနိုင်သည်။

ကာကွယ်ဆေးထိုးခြင်းသည် ကာယကံရှင်ကို ရောဂါကာကွယ်ပေးရုံတင်မကဘဲ မိသားစုဝင်များ၊ အိမ်နီးချင်းများ၊ အတန်းဖော်များနှင့် အခြားသော သင့်လူ့အသိုက်အဝန်းမှလူများကဲ့သို့ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားခြင်းမှလည်း ကာကွယ်ပေးသည်။

COVID-19 ကာကွယ်ဆေးသစ်များကို အမေရိကန်နိုင်ငံတွင် တရားဝင်အသုံးပြုခွင့်မပြုမီ ဘေးကင်းစိတ်ချရမှုအတွက် တင်းတင်းကျပ်ကျပ် စမ်းသပ်ထားပြီးဖြစ်သည်။ COVID-19 ကာကွယ်ဆေးများတွင် ဗိုင်းရပ်စ်အရှင် မပါဝင်သလို ကာကွယ်ဆေးထိုးနှံမည့်သူတွင် ရောဂါဖြစ်စေနိုင်မည့် အန္တရာယ် မရှိပါ။

အမေရိကန်နိုင်ငံအတွင်း အသုံးပြုလျက်ရှိသည့် COVID-19 ကာကွယ်ဆေးများသည် နှစ်ကြိမ်ထိုးရန် လိုအပ်သည်။ ပထမအကြိမ်သည် ကာကွယ်မှုကို စတင်တည်ဆောက်ပေးသော်လည်း ကာကွယ်ဆေး၏ ကာကွယ်နိုင်စွမ်းကို အပြည့်အဝရရှိရန် ဒုတိယအကြိမ်ထိုးနှံရန်အတွက် ရက်သီတင်းပတ်အနည်းငယ် အကြာတွင် လူတိုင်း ပြန်လာရမည်။

အများစုသည် ကာကွယ်ဆေးထိုးပြီးနောက် ပြင်းထန်သည့်ပြဿနာများ မရှိပါ။ ခံစားရသည့် ဘေးထွက်ဆိုးကျိုးအချို့မှာ လက်မောင်းတွင် နာကျင်ခြင်း၊ နီမြန်းခြင်း သို့မဟုတ် ထိလျှင်ပူနွေးခြင်းများ ရှိနိုင်သည်။ ထိုလက္ခဏာများမှာ တစ်ပတ်အတွင်း အလိုအလျောက် သက်သာပျောက်ကင်းသွားလေ့ရှိသည်။ အချို့တွင် ကာကွယ်ဆေးထိုးသည့်အခါ ခေါင်းကိုက်ခြင်း သို့မဟုတ် ကိုယ်ပူခြင်း ဖြစ်သည်ကိုတွေ့ရသည်။ ထိုဘေးထွက်ဆိုးကျိုးများသည် သင့်ကိုယ်ခံအားစနစ်က လုပ်သင့်သည့်အလုပ်ကို လုပ်ဆောင်နေကြောင်း ပြသသည့်လက္ခဏာ ဖြစ်သည်။ ၎င်းက အလုပ်လုပ်နေပြီး ရောဂါကာကွယ်မှုကို တည်ဆောက်နေခြင်း ဖြစ်သည်။

အမေရိကန်အခွန်ထမ်းဒေါ်လာများဖြင့် ဝယ်ယူထားသည့် ကာကွယ်ဆေးများကို လူတိုင်းထံသို့ အခမဲ့ထိုးနှံပေးမည်ဖြစ်သည်။ သို့သော် ကာကွယ်ဆေးထောက်ပံ့သူများသည် ဆေးထိုးနှံပေးရခြင်းအတွက် စီမံရေးရာအဖိုးအခကို ကောက်ခံမည်ဖြစ်သည်။ ကာကွယ်ဆေးထောက်ပံ့သူများသည် ထိုအဖိုးအခကို လူနာ၏အစိုးရ သို့မဟုတ် ပုဂ္ဂလိကအာမခံကုမ္ပဏီထံမှ သို့မဟုတ် အာမခံမရှိသည့်လူနာများအတွက် ကျန်းမာရေးအရင်းအမြစ်များနှင့်ဝန်ဆောင်မှုများစီမံဌာန၏ ထောက်ပံ့သူသက်သာရေးရန်ပုံငွေအဖွဲ့ ထံမှ ပြန်လည်ထုတ်ယူရရှိနိုင်သည်။

မည်သူ့ကို ကာကွယ်ဆေး အရင်ထိုးပေးမည်နှင့် မည်သို့ဖြန့်ဖြူးမည်ကို ပြည်နယ်တိုင်းတွင် အစီအစဉ်ရှိထားပြီးဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်သူဝန်ထမ်းများနှင့် အသက်ကြီးရင့်သူ များကို ကာကွယ်ဆေး အရင်ဆုံးထိုးနှံပေးမည်ဖြစ်သည်။ ဤကနဦးဖြန့်ဖြူးမှုနောက်ပိုင်းတွင် လာမည့်ရက်များအတွင်း Rhode Island ပြည်နယ်အစိုးရက လမ်းညွှန်ချက်များ ထပ်မံထုတ်ပြန်ပေးမည်ဖြစ်သည်။ အချက်အလက်များ ပိုမိုသိရှိရန်အတွက် **www.C19vaccineRI.org** တွင် ကြည့်ရှုပါ။